# အသွားအလာကန့်သတ်ခြင်းနှင့်ပတ်သက်၍ ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်

(၇-၉-၂၀၂၀)ရက်နေ့

## ၁။ အသွားအလာကန့်သတ်ထားရှိမည့်အစီအစဉ်

ပြည်ပနိုင်ငံများမှ ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ပြန်လည်ရောက်ရှိလာသူများ၊ နေအိမ်တွင်နေထိုင်ရေးအစီအစဉ်(**Stay at home**) သတ်မှတ်ထားသော တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ရပ်ကွက်/ကျေးရွာများမှ ရောက်ရှိလာသူများ၊ ဓါတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများ(**Primary Contacts**) အား သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားရှိခြင်း(**Facility Quarantine**) (၁၄)ရက်ပြီးဆုံးပါက နေအိမ်တွင် အသွားအလာကန့်သတ်ထားရှိခြင်း(**Home Quarantine**) (၇)ရက်၊ စုစုပေါင်း(၂၁)ရက် အသွားအလာကန့်သတ်ထားရှိရန်၊

## ၂။ အသွားအလာကန့်သတ်ထားရှိစဉ် ဓါတ်ခွဲနမူနာရယူစစ်ဆေးမည့်အစီအစဉ်

(က) ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများနှင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်(**Stay at home**) သတ်မှတ်ထားသော တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်/ရပ်ကွက်/ကျေးရွာများမှ ရောက်ရှိလာသူများအား သတ်မှတ်ထားသောနေရာတွင် အသွားအလာကန့်သတ်ထားရှိသည့် ရက်မှစ၍ (၁၀)ရက်မှ(၁၂)ရက်အတွင်း ဓါတ်ခွဲနမူနာရယူစစ်ဆေးပြီး SARS-CoV-2 ရောဂါပိုးမတွေ့ရှိပါက (၁၄)ရက်ပြည့်ပြီးနောက် နေအိမ်တွင် ဆက်လက်၍(၇)ရက် အသွားအလာကန့်သတ်ထားရှိရန် (**Home Quarantine**)၊

(ခ) ဓါတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများအား စတင်တွေ့ရှိသည့်ရက်တွင် ပထမအကြိမ် ဓါတ်ခွဲနမူနာရယူစစ်ဆေးခြင်းနှင့် အသွားအလာကန့်သတ်ထားရှိသည့် ရက်မှစ၍ (၁၀)ရက်မှ(၁၂)ရက်အတွင်း ဒုတိယအကြိမ် ဓါတ်ခွဲနမူနာရယူစစ်ဆေးခြင်း ဆောင်ရွက်ပြီး SARS-CoV-2 ရောဂါပိုးမတွေ့ရှိပါက (၁၄)ရက်ပြည့်ပြီးနောက် နေအိမ်တွင်(၇)ရက်အသွားအလာကန့်သတ်ထားရှိရန် (**Home Quarantine**)။